ဘုမ္မာဝတီစာပေ

# မင်းသိင်္ခ

# ဘဝဝင်္ကဘာ



## အခန်း (၁)
## ရေနံဆီဖိုး တစ်ပဲပေးရသော ညကျောင်းကလေးတစ်ကျောင်း

နယ်မြို့ကလေးတစ်မြို့သည် ရှိ၏။ ထိုနယ်မြို့လေး၌ အစိုးရအထက်တန်းကျောင်း တစ်ကျောင်းသည် လည်း ရှိ၏။ ထိုကျောင်းတွင် အတန်းလိုက် အတန်းပိုင်ဆရာများ ရှိ၏။ ထိုအတန်းပိုင်ဆရာများ အနက် ခုနှစ်တန်း(စီ) ၏ အတန်းပိုင်ဆရာတစ်ဦးရှိ၏။ ထိုဆရာသည် ခုနှစ်တန်း(စီ) ၏ အတန်းပိုင်ဆရာဖြစ်သကဲ့သို့ ခုနှစ်တန်း(အေ)၊ ခုနှစ်တန်း(ဘီ)၊ ခုနှစ်တန်း(စီ) သုံးခုစလုံး၏ ရာဇဝင်ဆရာလည်း ဖြစ်၏။

ယခုခေတ်အခေါ်အားဖြင့် သမိုင်းဆရာဖြစ်ပေလိမ့်မည်။ ထိုရာဇဝင်ဆရာ၏ အမည်မှာ ဦးသန်းဘ ဟူ၍ ဖြစ်၏။ ထိုဦးသန်းဘ၏ ဇာတိမှာ ထိုနယ်မြို့ကလေးပင် ဖြစ်၏။ ဦးသန်းဘ ဆိုသော်လည်း အသက်များစွာမကြီးသေးပေ၊ သူ၏ အိမ်၌ ညအခါ ကျောင်းသားများကို ခေါ်၍ ပညာသင်ကြားပေး၏။ နေ့ခင်းကျောင်းတက်စဉ်က သက်ဆိုင်ရာဆရာများ ပေးလိုက်သော အိမ်စာများကို ပြီးအောင်ပထမလုပ်ခိုင်း၏။ ကျက်မှတ်ရန်မှာ လိုက်သောစာများကို ကျက်မှတ်စေ၏။ နေ့ခင်းကျောင်းတွင် သူသည် ရာဇဝင်ဘာသာရပ်ကိုသာ တာဝန်ယူရသော်လည်း ညအခါတွင် သူ၏ အိမ်၌ ဘာသာစုံကို တာဝန်ယူ၍ သင်ပြပေး၏။ အောက်လင်းဓါတ်မီးကြီးနှစ်လုံးကို ထွန်းညှိ၍ သင်ပြပေးရခြင်းဖြစ်သောကြောင့် ကျောင်းသားများ သည် ရေနံဆီခ ‘ တစ်ပဲ’ပေးရ၏။

ကျောင်းတက်သောအခါ၌ ရေနံဆီခအဖြစ် ပိုက်ဆံတစ်ပဲကို ခုနှစ်တန်းကျောင်းသား အောင်လင်းဆိုသူအားပေးရ၏။ အောင်လင်းသည် ထိုပိုက်ဆံများကို စာရင်းဖြင့်ကောက်ယူ၍ နောက်တစ်နေ့တွင် ရေနံဆီဝယ်ရ၏။ အောက်လင်းဓါတ်မီးကြီးနှစ်လုံးတွင် ရေနံဆီ ထည့်ရ၏။ မီးစာကျွမ်းလျှင်၊ ကြွေလျှင် မီးစာလဲပေးရ၏။

ညနေ ၆ နာရီမီးထွန်းချိန်တွင် အောက်လင်းဓါတ်မီးနှစ်လုံးစလုံး လေထိုးခြင်း၊ ရေနံဆီမလိုက်လျှင် အပေါက်ချဲ့ပေးခြင်း၊ မီးထွန်းချိတ်ဆွဲခြင်းအလုပ်ကို တာဝန်ယူရ၏။

အောင်လင်းသည် ဘီအိုစီမှ ရောင်းချသော ဘီအိုစီ တံဆိပ်ပါ အစိမ်းရောင်ရေနံဆီ ပုံးငယ်ကလေးနှစ်လုံးဖြင့် ရေနံဆီအဝယ်ထွက်ရ၏။ ထိုပုံးနှစ်လုံးကို အစဉ်သဖြင့် ပြည့်နေအောင် ရေနံဆီဖြည့်ထားရ၏။ ပိုနေသော ရေနံဆီဖိုးငွေများမှာ သူ၏ အိပ်အတွင်း၌ ရှိ၏။

နံနက်တွင် ဈေးသို့သွားကာ ကလေးမ၏ အရေကျဲကျဲဖြင့် ချက်ထားသော မုန့်ဟင်းခါးကို စား၏။ မုန့်ဟင်းခါးစားသောအခါ၌ လည်း ကောက်ညှင်းငချိတ် တစ်ပဲဖိုးဝယ်၍ ထည့်ပြီးမှ စားလေ့ရှိ၏။ ထို့နောက်မှ ရေနံဆီဝယ်ထွက်၏။ ၎င်းအတွက် လိုအပ်သော စွပ်ကျယ်အင်္ကျီမှ အစ ဖောင်တန် မင်အိုး၊ ဗလာစာအုပ် စသည် များကိုလည်း ကျောင်းရေနံဆီဖိုးမှ ပင် ဝယ်ယူသုံးစွဲလေ့ရှိ၏။ ထို့ပြင် ရေနံဆီဝယ်ပြီးသော အခါ၌ လည်း ပုံးများကို ကျောင်းသို့ ယူမသွားသေးပဲ ၎င်း၏ အိမ်သို့ ယူသွား၏ ၎င်းအိမ်မှ မီးခွက်များ စတုတ်ခေါ် လေထိုးမီးဖိုများကို ရေနံဆီအလျှင်ဖြည့်၏။ ပြီးမှ ကျောင်းသို့ ယူသွားတတ်၏။ ထို့ကြောင့် ၎င်း၏ သူငယ်ချင်းများက ၎င်းအား အောင်လင်းဟူ၍ မခေါ်ကြဘဲ ‘ဘီအိုစီ ကိုယ်စားလှယ်ကြီး’ဟူ၍ ခေါ်ကြကုန်၏။

ထိုကိစ္စနှင့်ပတ်သက်၍ ဦးသန်းဘ ကိုယ်တိုင်က ...

"အောင်လင်း ရေနံ့ဆီဝယ်တာကို မကျေနပ်တဲ့ သူရှိရင် သူ့နေရာမှာ တာဝန်ယူ၊ ရေနံဆီ ဝယ်ရုံနဲ့ တော့ မရဘူး၊ ညစဉ်မီးထွန်းရမယ်၊ မီးစာ လဲ စရာရှိတာ လဲရမယ်၊ တာဝန်ကျေရမယ်ပေါ့၊ သူ့လို တာဝန်မကျေနိုင် ရင်တော့ မုန့်ဟင်းခါးနဲ့ ကောက်ညှင်းပေါင်းစားတာကိုလည်း မပြောနဲ့ ၊ ရေသူမ ခေါင်းလိမ်းဆီနဲ့ လူရိုင်းစွပ်ကျယ် ဝယ်ဝတ်တာကိုလည်း မပြော နဲ့ ..."ဟု ပြောလေ၏။

သူငယ်ချင်းများ သည် အောင်လင်းအား ကျီစယ်လိုသော သဘောဖြ င့်သာ'ဘီအိုစီ ကိုယ်စားလှယ်ကြီး' ဟု နောက်ပြောင်ခေါ်ဝေါ်ကြသော်လ ည်း မည်သူမျှ အောင်လင်း၏ ရာထူးကိုမလိုချင်ကြပေ။

ကျောင်းသားများ သည် ဆရာဦးသန်းဘကိုချစ်ကြ၏။ ကျောင်းသား မိဘများမှာ လည်း ဆရာဦးသန်းဘ၏ စေတနာကို အသိအမှတ်ပြုကြ ကုန်၏။ ထို့ကြောင့် ထိုနယ်မြို့ကလေး၌ ဦးသန်းဘ၏ အိမ်ကို အိမ်ဟု မ ခေါ်ရဲကြဘဲ"ဦးသန်းဘ ညကျောင်း"ဟူ၍ ခေါ်ဝေါ်ကြကုန်၏။

ထို့ပြင် ဆရာဦးသန်းဘ ညကျောင်း ခုနစ်တန်းတွင် တက်နေသော ခု နစ်တန်းကျောင်းသား ကြင်မောင်ဆိုသူလည်း ရှိ၏။ ထိုကြင်မောင်ကိုမူ သူ၏ သူငယ်ချင်းများက 'ကြပ်ခိုး'ဟူ၍ ခေါ်ကြကုန်၏။ အဘယ်ကြောင့် ဆိုသော် ၎င်းကြင်မောင်၏ အဖေမှာ ဗိန္ဒောဆရာကြီး'ဆရာဦးစိန်ခိုး' ဖြ စ်၏။ အိမ်၌ လည်း 'ဓာတ်ဗိန္ဒောဆရာ စိန်ခိုး' ဟူ၍ ဆိုင်းဘုတ်တင်ထား ၏။ ထို့ကြောင့် ကြင်မောင်၏ သူငယ်ချင်းများက ...

"စိန်ခိုးပဲဖြစ်ဖြစ်၊ မီးခိုးပဲဖြစ်ဖြစ် နောက်ဆုံးမှာ ကြပ်ခိုးတွေဖြစ်ပြီး အိမ်ခေါင်မှာ စွဲမှာ ပဲကွ၊ ဒီတော့ မင်းဖားသားကြီးကို နာမည်ပြောင်းခိုင်း လိုက်၊ ဆရာကြပ်ခိုးလို့ ၊ မင်းဖားသားကြီး မပြောင်းရင် မင်းနာမည်ကို

ကြပ်ခိုးလို့ ပြောင်းလိုက်ကွာ၊ ဒါမှ ဆရာစိန်ခိုး၏ သားဆရာကြပ်ခိုးဆိုပြီး နောင်တစ်ချိန်မှာ မင်းဗိန္ဓောကုစားရင် နေရာကျမှာ ပေါ့…”ဟု ဆိုကာ ဝိုင်းဝန်းနောက်ပြောင်ကြရာမှ အစ ကြင်မောင်၏ အမည်မှာ အမည်ရင်းပျောက်၍ ကြပ်ခိုးဟူ၍ အမည်တွင် ရရှာလေတော့၏။

ခုနှစ်တန်းကျောင်းသူတစ်ဦးလည်း ရှိ၏ သူ၏ အမည်မှာ ‘မထားမြိုင်’ဟူ၍ ဖြစ်၏။ ယောကျ်ားလေးသူငယ်ချင်းများက …

“ခါးကို သတ်ပုံမှန်အောင် ဒွေးနဲ့ မရေးရဘူးလေ၊ ထဆင်ထူးနဲ့ ရေးရတာပဲ၊ အဲဒီတော့ နင့်နာမည် ‘မထား’ဆိုတာကို အသံထွက်အတိုင်းဆိုရင် ‘မခါး’လို့ ခေါ်ခွင့်ရှိတယ်၊ ရေးတော့အမှန်၊ ဖတ်တော့အသံတဲ့ လေ၊ ပြီးတော့ မြိုင်ဆိုတာ တောမို့လား၊ ဒီတော့ နင့်နာမည်က ‘မခါးတော’ဆိုပြီးဖြစ်နေတယ်”ဟူ၍ လည်းကောင်း နောက်ပြောင်ကျီစယ်ကြကုန်၏။ ထိုအချိန်မှ စ၍ ‘မထားမြိုင်’သည် ဦးသန်းဘညကျောင်း၌ ‘မထားမြိုင်’ဟူ၍ မဟုတ်ရာတော့ပဲ‘မခါးတော’ ဟူ၍ လည်းကောင်း၊ ခါးဟူ၍ လည်းကောင်း ဖြစ်သွားရရှာလေတော့၏။

နောက်ကျောင်းသားတစ်ဦးမှာ မောင်မြဖေ ဖြစ်၏။ မောင်မြဖေ၏ မိခင်ကြီးမှာ လက်မှတ်ရ ဝမ်းဆွဲဆရာမတစ်ဦး ဖြစ်၏။ အိမ်၌ လည်း ဆိုင်းဘုတ်ငယ်လေးတစ်ခုချိတ်ဆွဲထား၏။‘အစိုးရ အသိအမှတ်ပြုလက်မှတ်ရ ဝမ်းဆွဲဆရာမ ဒေါ်သန်း’ဟူ၍ ဖြစ်၏။ မြဖေ၏ သူငယ်ချင်းများက မြဖေအား …

“ဟေ့ကောင် …မင်းအမေက ဝမ်းဆွဲဆရာမကွ…၊ အဲဒီဝမ်းဆွဲဆရာမကို အရပ်ထဲမှာ လက်သည် လို့ ခေါ်တာကွ၊ လက်သည် ဆိုတာ ဖဲရိုက်တဲ့ အခါမှာ ဒိုင်ကိုင်တဲ့ လူကိုလည်း ခေါ်တယ် မို့လား၊ အဲဒီတော့ မင်းနာ

မည်ကို မြဖေလို့ မခေါ်ဘဲ'ဖဲဒိုင်'လို့ ခေါ်ရင်ကောင်းမယ်ကွ…"ဟူ၍ ဝိုင်းဝန်းအမည်ပြောင်းလိုက်ကြသောကြောင့် မြဖေ၏ အမည်မှာ လည်း မြဖေမဟုတ်တော့ဘဲ 'ဖဲဒိုင်'ဟူ၍ ဖြစ်သွားရရှာလေ၏။

ဆရာဦးသန်းဘသည် လည်း သူ၏ ကျောင်းသားများကို နာမည်ရင်းမခေါ်ဘဲ သူတို့ အချင်းချင်း နောက်ပြောင်၍ ခေါ်ဝေါ်သောအမည်များကိုပင် ခေါ်ဝေါ်လေ့ရှိ၏။ အောင်လင်းအား ဘီအိုစီ ကိုယ်စားလှယ်ဟူ၍ လည်းကောင်း၊ ကြင်မောင်အား ကြပ်ခိုးဟူ၍ လည်းကောင်း၊ မထားမြိုင်အား ခါးတောဟူ၍ လည်းကောင်း၊ မြဖေအား ဖဲဒိုင်ဟူ၍ လည်းကောင်း ခေါ်ဝေါ်လေ့ရှိ၏။

ဦးသန်းဘ၏ ညကျောင်းသည် နေ့ခင်းကျောင်းမတက်နိုင်ဘဲ ခုနစ်တန်းကို အလွတ်မှ ဝင်ဖြေမည့်ကျောင်းသားများ ၊ ဆယ်တန်းကို အပြင်မှ ဝင်ဖြေမည့် ကျောင်းသားများ လည်း အားကိုးအားထားပြုရသည် ဖြစ်ရာ အခန်းနှစ်ထပ်အိမ်ကြီးသည် စာသင်ချိန်၌ အပေါ်ထပ်၊ အောက်ထပ် ကျောင်းသားများ ဖြင့် ပြည့်နှက်လျက်ရှိလေတော့၏။

ဆရာဦးသန်းဘ ညကျောင်းသို့ တက်သောကျောင်းသားများ သည် နေ့ကျောင်းသို့ ရောက်သောအခါ ကျက်ခိုင်းထားသောစာများကို သက်ဆိုင်ရာဆရာများက မေးလျှင် ဖြေဆိုနိုင်၏။ အိမ်စာများ လည်း ပြီးစီးခဲ့ကြ၏။ အတန်းတင်စာမေးပွဲများ လည်း ပထမ၊ ဒုတိယ၊ တတိယ ဆွဲသူများ ၊ ဘာသာရပ်အသီးသီး၌ ဂုဏ်ထူးထွက်သူများ လည်း ဦးသန်းဘ ကျောင်းသားများ သာ ဖြစ်ကြကုန်၏။

ဦးသန်းဘ၏ ညကျောင်းတွင် သောက်ရေအိုးရေဖြည့်ခြင်းအလုပ်၊ အမှိုက်သိမ်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အိမ်သာသန့်ရှင်းခြင်းအလုပ်များကို ကျောင်းသားကျောင်းသူများက အလှည့်ကျ ဇယားများ ရေးဆွဲ

ကာ ပြုလုပ်ကြရလေ၏။ ဦးသန်းဘသည် ငယ်ငယ်ရွယ်ရွယ်နှင့် ဇနီးဆုံး သွားသောကြောင့် မုဆိုးဖို ကလေးတစ်ဦးဖြစ်လေ၏။ ဤသည် ကိုအကြောင်းပြု၍ သူ၏ ကျောင်းသားအချို့က မုဆိုးဖို ဟူသော စကား အား တောလိုက်မုဆိုးကိုခေါ်သကဲ့သို့ 'ဟန်တာ'ဟု ပင်ခေါ်၏။ ထို့ကြော င့် သူတို့ ၏ ချစ်လှစွာသော ဆရာဦးသန်းဘသည် ပင်လျှင် ကွယ်ရာတွင် 'ဆရာကြီး ဦးဟန်တာ သန်းဘ'ဖြစ်ရရှာလေတော့၏။

ဤသည် ကိုအကြောင်းပြု၍ နေ့ခင်းအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ဆရာဦးသန်းဘအား ....

"ဆရာ့တပည့်တွေကတော့ နာမည်ပေးအတော်ကောင်းကြပါတယ်ဗျာ၊ ဆရာ့ကိုရော ကွယ်ရာမှာ ဘယ်လိုခေါ်ကြတယ်ဆိုတာ သိပြီးပြီလား"ဟု ရယ်မော၍ မေးလေ၏။ ထိုအခါ ဦးသန်းဘက ...

"သိပြီးပါပြီ ဆရာကြီး၊ ဒီကောင်တွေ အတော်နောက်တဲ့ အကောင် တွေ၊ ကျွန်တော့်ကိုလည်း မုဆိုးဖို ဖြစ်လေတော့ ဦးဟန်တာသန်းဘ လို့ အမည်ပေးထားကြတယ်၊ ကျွန်တော် စိတ်မဆိုးပါဘူး၊ ဒီကောင်တွေ ဉာဏ်ရွှင်ပုံကိုလည်း သဘောကျမိသေးတော့တယ်..."ဟု ပြန်၍ ဖြေလေ၏ ။ ထိုအခါ ကျောင်းအုပ်ဆရာကြီးက ...

"အတန်းထဲမှာ စာတော်တဲ့ ကောင်တွေ၊ စာမေးပွဲမှာ ဂုဏ်ထူးထွက် တဲ့ ကောင်တွေဟာ ဆရာ့ကျောင်းသားတွေချည်း ဖြစ်နေတယ်၊ ဒီအချ က်ဟာ ဒီမြို့ကလေးရဲ့ ဂုဏ်ယူစရာပဲ၊ အခြားဆရာ၊ ဆရာမတွေကလ ည်း သူတို့ ကျောင်းသားတွေ စာသင်ရ၊ စာရတဲ့ အတွက် ဆရာ့ကိုကျေး ဇူးတင်ကြပါတယ်၊ ချီးလည်း ချီးကျူးကြပါတယ်၊ အဲ့ဒါကြောင့် ဆရာမ မဆိုင်ရင်တို့ ခေါင်းဆောင်ပြီး ဆရာ၊ ဆရာမတွေ ပိုက်ဆံကောက်နေကြ

တယ်၊ ဆရာ့အတွက် ဂုဏ်ပြုပွဲလေး လုပ်ကြလိမ့်မယ်ထင်တယ်၊ အဲဒီ ဂုဏ်ပြုပွဲမှာ ကျုပ်ကပဲ ဦးစီးဦးဆောင်လုပ်ပေးရမှာ ပဲ…”ဟု အားပေးစကားပြောလေ၏။ ထို့ကြောင့် ရေနံဆီဖိုး တစ်ပဲပေးရသော ဦးသန်းဘ၏ ညကျောင်းကလေးသည် ထိုမြို့ကလေး၌ လည်းကောင်း၊ ပတ်ဝန်းကျင်မြို့များ နှင့်လည်းကောင်း‘ ဟန်တာ နိုက်စကူး’ အမည်တွင် ရရှာလေတော့သတည်း။။

*

## အခန်း(၂)
## ဝါဆိုပန်းခူးထွက်ခြင်း

ဟန်တာနိုက်စကူး ညကျောင်းလေးကို နေ့ကျောင်းမှ ကျောင်းသား တစ်ဦးထပ်၍ တိုးလာ၏။ သူ၏ အမည်မှာ မောင်ကျော်ခေါင်ဟူ၍ ဖြစ် ၏ ၎င်းမောင်ကျော်ခေါင်သည် လည်း ညကျောင်းသို့ရောက်လာသောအ ခါ'ကျော်ခေါင်'ဟူ၍ မည်သူမျှ မခေါ်ကြတော့ပဲ'ကြောင်ခေါ်' ဟူ၍ အမ ည်ပြောင်းသွားရရှာလေတော့၏။

တစ်နေ့သ၌ ဆရာဦးသန်းဘသည် ကျောင်းပိတ်ရက်နှင့် ကြုံသောကြောင့် တပည့်အချို့ကို ခေါ်၍ ထိုမြို့ရှိ ပေါ်တော်မူဘုရားဆီသို့ ပျော်ပွဲစားသွားရန်စီစဉ်ခဲ့လေ၏။ ဘီအိုစီ ကိုယ်စားလှယ်ခေါ် အောင်လ င်းသည် ပျော်ပွဲစားတွင် မီးဖိုကို စီမံရလေ၏။ ကြပ်ခိုးသည် ထမင်းဟင်း ချက်ပြုတ်ရေးကို တာဝန်ယူရ၏။ မထားမြိုင်သည် စျေးဝယ်ရလေ၏။ ကျော်ခေါင်မှာ လက်ဖက်ရည်ဖျော်ရလေ၏။ မြဖေမှာ ထမင်းဟင်းများ ထည့်စားရန်အတွက် ဖက်များ ခူးသောတာဝန်ကို ယူရလေ၏။ ကျန် သော ကျောင်းသားများမှာ ပန်းခူးရန်အတွက် တံချူများကို စီစဉ်ရလေ ၏။ ဆရာဦးသန်းဘသည် မြင်းလှည်းများ ငှားကာ ပေါ်တော်မူ ဘုရား ဆီသို့ ထွက်ခဲ့ကြလေ၏။ ပေါ်တော်မူဘုရားဆိုသည် မှာ လည်း ကိုးတော င်ပြည့်စေတီလေးများ သာ ဖြစ်၏။ မြစ်ကမ်းပေါ်တွင် တည်ထားသော စေတီကလေးလည်း ဖြစ်၏။ ပေါ်တော်မူဘုရား၏ နောက်ဘက်တွင် တောအုပ်ကလေးရှိ၏။ ထိုတောအုပ်ထဲတွင် တောပန်းများ စီစီရီရီ ပေါ

က်လျက်ရှိ၏။ ၎င်းတို့ အားလုံး ပေါ်တော်မူဘုရားသို့ရောက်လျှင် ဇရပ်ကလေးကို ရှင်းလင်း၍ နေရာချထားကြလေ၏။ ကြပ်ခိုးသည် ပျော်ပွဲစားထွက်ရင်း ဆရာဦးသန်းဘအနေနှင့် တစ်စုံတစ်ခု သင်ကြားပြသလိုပါက သင်ကြားပြသနိုင်ရန်အတွက် ဘလက်ဘုတ်ခေါ် သင်ပုန်းတစ်ချပ်နှင့် မြေဖြူတို့ ကိုပါ မြင်းလှည်းဖြင့် တင်၍ လာခဲ့လေ၏။ ထို့ကြောင့် မြဖေက ...

"ကြပ်ခိုးရယ် ...မင်းဟာ တော်တော်ခက်တဲ့ ကောင်ပဲ၊ ဒီနေ့ ဝါဆိုလပြည့်နေ့ကွ၊ ပျော်ပွဲစားမယ်၊ ဝါဆိုပန်းခူးမယ်ဆိုတာ မင်းလည်း သိပါလျက်နဲ့ စာသင်ဖို့ သင်ပုန်းကြီးကို တင်ပြီးယူလာတယ်၊ ဆရာဦးသန်းဘက ဒီနေ့ဘာမှ သင်မှာ မဟုတ်ဘူး " ဟု ပြောရာ ကြပ်ခိုးက ...

"ဟေ့ကောင် မြဖေ ဖဲဒိုင်၊ ဆရာဆိုတာ ဟောလီးဒေးမရှိဘူးကွ၊ သူ့စိတ်ထဲမှာ သင်ချင်စိတ် ပေါ်လာရင်သင်တာပဲ၊ အဲဒီလိုသင်ရင် မင်းတို့ ငါတို့ ပိုပြီးတတ်တာပေါ့ကွာ၊ ပြီးတော့လည်း သယ်တာက ငါပါကွ၊ မင်းက ဘာဖြစ်လို့ ကန့်ကွက်ရတာလဲ"ဟု ပြန်၍ ပြောလေ၏။ ထိုအခါ မထားမြိုင်က ...

"မြဖေ နင်ကြပ်ခိုးကို သွားမပြောနဲ့ ၊ သူက တအားကြိုးစားတာ သူ့အိမ်မှာ သွားကြည့်ပါလား၊ ဆရာဦးသန်းဘ ပြောတဲ့ စကားတွေကို စာရွက်တွေမှာ ရေးပြီး လျှောက်ကပ်ထားတာ မွနေတာပဲ၊ တချို့အကြောင်းအရာတွေဆိုရင် ထင်းရှူးပြားပေါ်မှာ သဘော်ဆေးနဲ့ ရေးပြီး အသေတောင်ရိုက်ထားသေးတယ်..."ဟု ဝင်၍ ပြောလေ၏။ ထိုအခါ ကြပ်ခိုးက ...

"ကဲ ...ကဲ...စကားရည်လုနေရင် အားလုံးငတ်ကုန်မယ်၊ ငါသွားပြီးချက်အုံးမယ်"ဟု ပြောကာ ဖိုခနောင့်များ လုပ်၍ မီးမွှေးနေ

သော အောင်လင်းဆီသို့ သွားလေ၏။ မထားမြိုင်လည်း နောက်မှ လိုက်သွား၍ ...

"ဟဲ့ ...နေကြပါဦး၊ ဈေးဖိုးပိုက်ဆံပိုနေတယ်ဟဲ့၊ ဘယ်သူ့ကို အပ်ရမှာ လဲဟု မေးရာ ကြပ်ခိုးက ..."

"ဦးသန်းဘရဲ့ ကျောင်းက ဘဏ္ဍာရေးတာဝန်ခံဟာ ဘီအိုစီလေ၊ နင်သူ့ကို အပ်လိုက်ပေါ့"ဟု ဆိုသဖြင့် မထားမြိုင်လည်း ဈေးစာရင်းနှင့် ပိုငွေကို အောင်လင်းအား အပ်လေ၏။ ကြပ်ခိုးသည် ကြက်သားနှင့် ဘူးသီးဟင်းခါးချက်၏။ ကျော်ခေါင်သည် အိုးကြီးတစ်လုံးတွင် လက်ရည်အချိုခြောက်များ နှင့် အကြမ်းခြောက်များကို ရောကာ လက်ဖက်ခြောက်နပ်လေ၏။ ကုလားမ ခြင်းဆွဲ နို့ဆီဗူးများကို ဖောက်၏။ နေ့လည်သို့ရောက်လျှင် လက်ဖက်ရည်ဖျော်တိုက်ရန်အတွက် အစဉ်သင့်ဖြစ်လေပြီ ဖြစ်၏။ ထိုအချိန်၌ မှာ ပင် နေ့ကျောင်းသားများ သည် ပျော်ပွဲစားထွက်သည့် ဦးသန်းဘ နိုက်စကူးသတင်းကို ရသဖြင့် စက်ဘီးများ ဖြင့် လိုက်၍ လာကြလေတော့၏။ ကြပ်ခိုးထမင်းဟင်းချက်နေစဉ် အတွင်း၌ ကျောင်းသားများ သည် ပေါ်တော်မူဆိပ်တွင် ဆင်း၍ ရေကူးကြလေ၏။ မထားမြိုင်နှင့် နေ့ကျောင်းသား ကျောင်းသူအချို့မှာ ဝါဆိုပန်းခူးရန် တောတွင်းသို့ ဝင်သွားကြပြီ ဖြစ်၏။ ကျော်ခေါင်နှင့် ကျောင်းသားအချို့သည် မယ်ဒလင်များ တီးကာ၊ သီချင်းများ ဆိုကာ နောက်မှ လိုက်၍ သွားကြလေ၏။ တောပန်းများ တွေ့သောအခါ၌ မထားမြိုင်သည် ပန်းခူးရင်း စုံတောမြိုင်သီချင်းကို ဆို၏။ ကျော်ခေါင်က မယ်ဒလင်နှင့် လိုက်၍ တီးပေး၏။ ထိုသီချင်း၏ တစ်နေရာတွင် 'အဖော်မပါနိုင်'ဆိုသော စာသားပါ၏။ ထိုစာသားကို မထားမြိုင်ဆိုသောအခါ၌ ကျော်ခေါင်က ...

"အဖော်ပါပါတယ်၊ ကျော်ခေါင်တစ်ယောက်လုံးရှိနေတာပဲ"ဟု ပြော

၍ ရယ်လေ၏။ မထားမြိုင်က သီချင်းဆိုရင်း မျက်စောင်းထိုးလိုက်၏။ ထိုအခါ နေ့ကျောင်းသားသန်းဖေက ...

“မြဖေရေ မြိုင်ထဆိုတာ အဲ့ဒါပြောတာကွ၊ မြိုင်ထဲမှာ ထနေတာလေ ...”ဟု မြဖေကို လှမ်း၍ ပြောလိုက်လျှင် မထားမြိုင်က ...

“နင့်ကို ဆရာနဲ့ တိုင်မယ်...”ဟု ပြော လိုက်လေ၏။

“တိုင်ချင်တိုင်လေ၊ နင့်ကိုပြောတာမှ မဟုတ်ဘဲ၊ ဒီတော့ဟာ မြိုင်ပဲ၊ တောပန်းတွေအစီအရီ ထနေတာ နင်မတွေ့ဘူးလား၊ ငါပြောတာက ဒါပြောတာ၊ နင်တကယ်တိုင်ရမှာ ငါ့ကိုဟုတ်ဘူး၊ ကျော်ခေါင်ကိုတိုင်ရမှာ ၊ နင်သီချင်းဆိုတာကိုလိုက်ပြီး ရိသဲ့သဲ့လုပ်နေတာ ဒီကောင်၊ မဟုတ်ဘူး လား မြဖေ”ဟု ပြောရာ မြဖေက ဇာက်ထဲတွင် ဝန်ကြီးများ စကားပြောသကဲ့သို့ အာလုပ်သံကြီးဖြင့် ...

“ဝုတ်ပ့ါ...ဝုတ်ပ့ါ(ဟုတ်ပ...ဟုတ်ပ)ဟု ပြန်၍ ဖြေလိုက်ရာ ကျန်သောကျောင်းသားများက လက်ခုပ် လက်ဝါး တီးကြလေ၏။ နေ့ကျောင်းသားတစ်ဦးကမူ ...

‘သန်းဖေနှင့် မြဖေကျောင်းထွက်ပါကွာ၊ ကျောင်းလည်း တက်မနေကြပါနဲ့ တော့၊ ဇာတ်ထဲလိုက်ပြီး လူရွှင်တော်လုပ်ကြပါတော့’ ဟု ပြောလေ၏။

ထမင်းစားချိန်လောက်တွင် မထားမြိုင်တို့ မိန်းကလေးအုပ်စုမှာ ပန်းခူးပြီးသွားကြပြီ ဖြစ်၏။ ထို့ကြောင့် ပန်းများ တပွေ့တပိုက်ကြီးနှင့် ပြန်လာကြပြီ ဖြစ်၏။ မောင်ကျော်ခေါင်တို့ လူစုလည်း နောက်မှ လိုက်ပါ လာပြီ ဖြစ်၏။ မြဖေသည် ဖက်များ ခူးလာ၏။ ပေါ်တော်မူဘုရား၏ ဇရပ်ပေါ်သို့ ရောက်သောအခါ၌ ဖက်များ ပေါ်တွင် ထမင်းများ ပုံကာ ကြပ်ခိုးက ဟင်းများ လိုက်ထည့်ပေး၏။

မြိန်ယှက်စွာစားသောက်ကြလေ၏။ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကြလေ၏။ ထမင်းစားပြီးသောအခါ၌ ကျောက်ဖရုံယိုများ ၊ မြေပဲဆားလှော်များ ၊ ရေနွေးကြမ်းများ စားသောက်ကြရပြန်၏။ ထိုသို့ စားသောက်နေစဉ်၌ မှာ ပင် မောင်ကျော်ခေါင်က ...

"တစ်ရေးတမော အရိပ်တွေအောက်မှာ အိပ်ကြဦး၊ ဓမ္မာရုံက ဖျာကြမ်းတွေငှားလာတယ်၊ သစ်ပင်အရိပ်အောက်တွေမှာ လည်း အိပ်လို့ ရတာပဲ၊ အိပ်ရာကနိုးရင်တော့ လက်ဖက်ရည်သောက်ရမယ်"ဟု ပြောလေ၏။ ထိုအခါ၌ ဆရာဦးသန်းဘက ...

"အိပ်ချင်တဲ့ လူလည်း အိပ်ပေါ့ကွာ၊ ဗွတ်ကြီးတော့ မအိပ်ခိုင်းပါနဲ့ ၊ မင်းအိပ်ချင်နေပြီမို့လား မောင်ကျော်ခေါင်..."ဟု ပြောလိုက်ရာ ကျောင်းသားများက ဝိုင်း၍ ရယ်ကြလေ၏။

"ကျွန်တော်က ဒီလောက် မဟုတ်ဘူး ဆရာရဲ့ ...၊ ဘီအိုစီက ငိုက်နေပြီ၊ ညကလည်း ဒီကောင်တစ်ညလုံး မအိပ်ဘူး၊ ခိုးဖို့ စာရင်းတွေ တွက်နေရတယ်"ဟု ပြန်၍ ပြောလိုက်လျှင် ကျောင်းသားကျောင်းသူအားလုံး ဝိုင်း၍ လက်ခုပ်တီးကြလေ၏။ ဘီအိုစီသည် တစ်စုံတစ်ရာပြန်၍ မပြောနိုင်ဘဲ ခေါင်းငုံ၍ သာခံနေရလေ၏။ ထိုအခါ၌ ဆရာဦးသန်းဘက ကြပ်ခိုးယူလာသော သင်ပုန်းကို ထောင်ခိုင်းပြီးလျှင် ...

"အခု ဆရာပြောမယ့်စကားဟာ မင်းတို့ အခုသင်နေတဲ့ ကျောင်းသင်ခန်းစာနဲ့ ဘာမှ မဆိုင်ပါဘူးကွာ၊ ဆရာပြောချင်တဲ့ စကားက ကိန်းဂဏာန်းတွေရဲ့ အနောက်မှာ တည်ရှိနေတဲ့ လျှို့ဝှက်စွမ်းအားတွေအကြောင်း ပြောချင်လို့ ပါ။(THE SECRET POWER OF NUMBER) လို့ ဆိုရမှာပေါ့ကွာ၊ အဲ့ဒါကို ဆရာလေ့လာတာဟာ နှစ်ကိုအတော်ကြာပြီကွ၊ အခု အချိန်လေးရတုန်း ဗဟု သုတအဖြစ်နဲ့ မင်းတို့ ကို ရှင်းပြမှာ ပါ၊ စိတ်ဝင်

စားတဲ့ လူနားထောင်ပါ၊ စိတ်မဝင်စားတဲ့ လူ အိပ်ခွင့်ရှိပါတယ်”ဟု ပြောလိုက်လျှင် ကျောင်းသားကျောင်းသူများအားလုံးက ...

“နားထောင်ပါမယ် ဆရာ...”ဟု ဝိုင်း၍ အော်ကြလေ၏။ ထိုအခါ၌ ဆရာဦးသန်းဘက ...

“ဂဏန်းသင်္ချာလို့ ခေါ်တဲ့ နံပါတ်တွေဟာ သက်ရှိသက်မဲ့အားလုံးကို လွှမ်းမိုးနေတယ်လို့ ဆရာယုံကြည်တယ်၊ ဒါနဲ့ ပတ်သက်လို့ ကမ္ဘာပေါ်မှာ အလွန်ကျော်ကြားတဲ့ လက္ခဏာဆရာကြီး ကိုင်ရိုဟာ ဂဏန်းဗေဒင်လို့ အမည်ပေးထားတဲ့ ကျမ်းစာအုပ်နှစ်အုပ်ထုတ်ဘူးတယ်၊ ဒီပညာရပ်ကို ‘နူမရော်လော်ဂျီ’လို့ ခေါ်တယ်”ဟု စကားစလိုက်လျှင် ကြပ်ခိုးက ...

“ကျွန်တော် အလွန်စိတ်ဝင်စားတယ်ဆရာရဲ့ ...၊ ကြားလည်း ကြားဖူးပါတယ်၊ အဲ့ဒီပညာတတ်တဲ့ လူတစ်ယောက်က ကျွန်တော့်ကို ကိုးဂဏန်းသမားလို့ ပြောသွားတယ်”ဟု ပြောလိုက်လျှင် ဘီအိုစီက ...

“ကြပ်ခိုး စတော့ပ်...”ဟူ၍ ထ၍ အော် လိုက်လေရာ ကျန်သောကျောင်းသူကျောင်းသားများ က ဝေါခနဲဝိုင်း၍ အော်ကြလေ၏။ ထိုအခါ၌ ဆရာဦးသန်းဘက ...

“နေစမ်းပါဦးကြပ်ခိုးရ၊ မင်းကို ၉ ဂဏန်းသမားလို့ အဲဒီလူက ပြောသွားရအောင် မင်းရဲ့ အင်္ဂလိပ်မွေးသက္ကရာဇ် အပြည့်အစုံဟာ ဘယ်လိုလဲ ပြောပြစမ်းပါဦး”ဟု မေး လိုက်လေ၏။ ထိုအခါ ကြပ်ခိုးသည် လက်ပိုက်၍ မတ်တပ်ရပ်လိုက်ပြီးလျှင် ...

“၁၉၃၅.၉.၉၊ တနင်္လာသားပါ ဆရာ”ဟု ပြန်၍ ဖြေလေ၏။

“နူမရော်လော်ဂျီခေါ်တဲ့ ဂဏန်းဗေဒင်ကို စဉ်းစားတဲ့ အခါမှာ နေ့

သားက သိပ်အရေးမကြီးလူး၊ ဂဏန်းတွေကိုပဲ အဓိက စဉ်းစားရမယ်၊ မင်းဟာ ၉ ရက်နေ့မွေးတယ်ဆိုတော့ မင်းကို ၉ ဂဏန်းသမားလို့ ပြောတာမှားတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမဲ့ မွေးခုရော၊ မွေးလရော၊ မွေးရက်ရောကို ကြည့်လိုက်ရင် ၉ ဂဏန်းဟာ သုံးလုံးတောင်ပါနေတယ်၊ အဲ့ဒီလိုကိန်းစဉ်မှာ ၉ ဂဏန်းတစ်လုံးပါတဲ့ လူ၊ ၉ ဂဏန်းနှစ်လုံးပါတဲ့ လူ၊ ၉ ဂဏန်းသုံးလုံးပါတဲ့ လူ၊ ၉ ဂဏန်းသုံးလုံးထက်ပိုပြီးပါတဲ့ လူရယ်လို့ အမျိုးအစားကွဲသွားမယ်၊ အခုဆိုမင်းဟာ ၉ ဂဏန်းသမားဆိုပင်မဲ့ ရိုးရိုး ၉ ဂဏန်းသမားမဟုတ်တော့ဘူး၊ ၉ ဂဏန်းသုံးလုံးပိုင်ရှင်ဖြစ်နေပြီ မောင်ကြပ်ခိုးရေ”ဟု ရှည်လျားစွာပြောလေ၏။ ထိုအခါ မောင်ကြပ်ခိုးက …

“၉ ဂဏန်းပိုင်ရှင်ဖြစ်နေတော့ဘယ်လိုဖြစ်သလဲဆရာရဲ့ ”ဟု မေးလိုက်ရာ ဆရာဦးသန်းဘက …

“ဒီဂဏန်းတွဲဟာ စိတ်ဓါတ်အားကောင်းတဲ့ ဂဏန်းတွဲပဲကွ၊ အံ့သြလောက်အောင် ဇွဲကောင်းတတ်တယ်၊ ဉာဏ်ရည်ဉာဏ်သွေးကို ဒီလောက်ကောင်းတယ်လို့ မပြောနိုင်ပေမယ့် ဇွဲကြောင့် အောင်မြင်တတ်တယ်ပြီးတော့ စစ်ဘက်မှာ အကျိုးပေးတတ်တယ်”ဟု ပြောလိုက်ရာ ဘီအိုစီကစ လက်ခုပ်တီးလေ၏။ မြဖေက ထိုင်ရာမှ ထ၍ ကြပ်ခိုးအား အလေးပြုဟန် လုပ်ပြီးလျှင်

“ဗိုလ်မှူးကြပ်ခိုး၊ လေးစားပါတယ်”ဟု ပြောလိုက်ရာ ကြပ်ခိုးကလည်း ခပ်တည်တည်နှင့် ပြန်၍ အလေးပြုလိုက်ပြီးလျှင်…

“ထိုင်…ထိုင်…ရဲဘော်၊ တို့ လည်း မင်းလိုပဲ အောက်ခြေကတက်လာတာပါကွာ…”ဟု ဟန်ပါပါ ပြောလိုက်သောကြောင့် ဆရာဦးသန်းဘကိုယ်တိုင် သဘောကျလွန်း၍ ဟက်ဟက်ပက်ပက် ရယ် လိုက်လေတော့သ

တည်း။ ။

*

# အခန်း(၃)
# ပျောက်ကွယ်သွားသော ညကျောင်းကလေးတစ်ကျောင်း

ဆရာဦးသန်းဘသည် ကျော်ခေါင်အားမတ်တပ်ရပ်ခိုင်းလိုက်၏။ ကျော်ခေါင်လည်း လက်ပိုက်၍ မတ်တပ်ရပ်နေ၏။

"ဟေ့ ...ကြောင်ခေါ်၊ မင်းရဲ့ မွေးသက္ကရာဇ် ခု၊ လ၊ ရက် အင်္ဂလိပ်လို ပြောပါဦးကွ..."ဟု မေး လိုက်လေ၏။ ထိုအခါ ကျော်ခေါင်က ...

"၁၉၃၅.၆.၂၅ ပါဆရာ..."ဟု ပြန်၍ ပြောလေ၏။

"ဆရာလေ့လာထားတဲ့ ဂဏန်းဗေဒင်မှာ လကိုအခြေခံပြီး ဘယ်လ၊ ဘယ်ရက်ကနေ ဘယ်လ၊ ဘယ်ရက်အထိမွေးတဲ့ လူကို ဘာဂဏန်းနဲ့ သက်ဆိုင်တယ်လို့ ပြောတဲ့ အကြောင်းအရာက သိပ်ပြီးအရေးမကြီးဘူးကွ၊ မွေးရပ်တစ်ခုတည်းကို ကိုင်ပြီး အတိအကျဆုံးဖြတ်တာ၊ အခုဆိုရင် မင်းရဲ့ မွေးသက္ကရာဇ်ဟာ(၂၅)ဆိုတော့ မင်းဟာ (၂၅) ဂဏန်းသမားပေ့ါ၊ တစ်နည်းပြောရရင် (၇)ဂဏန်းသမားပဲ..."ဟု ပြောလေ၏။

"အဲ့ဒီလိုဆိုတော့ ကောင်းသလား ဆိုးသလားဆရာရယ်..."ဟု ကျော်ခေါင်က ပြန်၍ မေးလိုက်ရာ ဦးသန်းဘ ...

"ဒီလိုကွ (၂၅) ဂဏန်းသမားဟာ ဘဝနှစ်ခု ပေါင်းစပ် ထားတာပဲ၊ သူပုန်ထနေသော သဘင်သည် လို့ သာ ဂဏန်းဗေဒင်လိုက်စားသူတွေက မှတ်တမ်းတင်ကြတယ်၊ သူပုန်လို သောင်းကျန်းလိုတဲ့ စိတ်၊ သဘင်ဆို

တဲ့ စောဒကတက်ချင်တဲ့ စိတ်တွေလည်း ရှိတယ်၊ တစ်ဖက်မှာ လည်း အနုပညာစိတ်၊ သူတစ်ပါးကို ကူညီချင်တဲ့ စိတ်၊ သိမ်မွေ့နူးညံ့တဲ့ စိတ်တွေလည်း ရှိတယ်၊ ဒီလိုလူမျိုးတွေဟာ များ သောအားဖြင့် စာရေးကောင်းကြတယ်၊ စကားပြောကောင်းတတ်ကြတယ်၊ သူတို့ ဘဝဟာလည်း အပိုင်းနှစ်ပိုင်းဖြစ်နေတတ်တယ်၊ ဘဝရဲ့ ပထမပိုင်းမှာ ရုပ်ဝါဒကို လက်ခံတတ်တယ်၊ ဒုတိယပိုင်းမှာ တော့ ရုပ်ဝါဒကို မယုံကြည်ဘဲ စိတ်တန်ခိုးတို့ ၊ စိတ်စွမ်းအင်တို့ ၊ ဝိညာဉ်တို့ ဆိုတဲ့ သဘာဝလွန် အကြောင်းအရာတွေကို အထူးလိုက်စား သွားတတ်တယ်၊ တစ်ချို့ သမထဘက်မှာ ပေါက်ပေါက်မြောက်မြောက်ဖြစ်သွား တတ်သွားကြတယ်၊ တစ်ချို့တော့လည်း မှော်အတတ်တွေ၊ ဘာတွေတောင် သင်ယူလေ့လာသွားကြတယ်၊ နောက်တစ်ခုကတော့(၂၅)ဂဏန်းသမားဟာ အုပ်ချုပ်သူအကြီးအကဲ များ ရဲ့ အထင်လွဲမှုကို အမြဲခံရတယ်၊ ပြီးတော့ ဒီလူတွေဟာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကံမကောင်းတတ်ကြဘူး…”ဟု ရှင်းပြလေ၏။ ထိုအခါ ဘီအိုစီက ထ၍

“ဆရာ ကျော်ခေါင်မွေး ရက်က မှော်ဆရာဖြစ်နိုင်တဲ့ မွေးရက်ပေ့ါ… ဆရာ”ဟု မေးလိုက်ရာ ဆရာက ခေါင်းညိတ် လိုက်လေ၏။ ထို့နောက် ဦးသန်းဘသည် ကျောင်းသားတစ်ဦးချင်းများ ၏ မွေးရက်များကို စာအုပ်ကြီးတစ်အုပ်တွင် ရေးမှတ်ရင်း ရှင်းပြခဲ့လေ၏။ ထိုအထဲတွင် သူ၏ ညကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ သာမက ဝါဆိုပန်းခူးရန်ရောက်ရှိလာကြကုန်သော နေ့ကျောင်းမှ ကျောင်းသူများ ၏ မွေးရက်ကိုပါ ရှင်းပြခဲ့လေသည် ။

နေ့လည်ပိုင်းသို့ရောက်လျှင် ကျော်ခေါင်က လက်ဖက်ရည်ဖျော်တိုက်လေ၏။ လက်ဖက်ရည်သောက်ပြီးသောအခါ၌ သန်းဖေက မယ်ဒလင်တီး၏။ အားလုံး၏ တောင်းဆိုချက်အရ ကျော်ခေါင်က သီချင်းဆိုရ၏။

ကျော်ခေါင်သည် ‘ဟေဝန်မြိုင်နန်းသာတယ်’အစချီသော ဝိဇ္ဇာတောလား ကိုဆို၏။ အသံလည်း ကောင်း၏။ အဆိုလည်း ပိုင်၏။ ဆရာဦးသန်းဘ ကိုယ်တိုင် သဘောကျလွန်း၍ ငွေငါးကျပ်ဆုချလေ၏။ ကျော်ခေါင်ဆိုပြီး သွားသောအခါ၌ နေ့ကျောင်းသူ နှင်းနွယ်က‘ပြောင်ဆင်ကျား’အစချီ သော စုံတောမြိုင် သီချင်းကို ဆို၏။ မနှင်းနွယ်သည် လွန်စွာအသံကော င်း၏။ အစွဲအငင်၊ အဖြတ်အတောက်၊ အာနေလျှာထားမှန်သောကြောင့် လွန်စွာနားထောင်ကောင်း၏။ ဆရာဦးသန်းဘက ငွေငါးကျပ်ဆုချပြန် ၏။ ထိုအခါ ကြပ်ခိုးက ...

“နှစ်ယောက်ပေါင်းတစ်ဆယ်ရပြီ”ဟု ထ၍ ပြော၏။ မနှင်းနွယ်က ကြပ်ခိုးအား...

“ကြပ်ခိုး နင်ပါးယားနေသလား”ဟု မေး၏။

“ငါက ဘာပြောလို့ လဲ၊ ငါးကျပ်နှစ်ခုပေါင်းရင်တစ်ဆယ်ရပြီဆိုတာ ပြောတာပဲ၊ ဒါဟာ စိတ်ဆိုးစရာမဟုတ်ပါဘူး နှင်းနွယ်ရယ်၊ ကျော်ခေါင် ကတော့ စိတ်မဆိုးဘူး”ဟု ရှင်းပြလိုက်ရာ ကျောင်းသားများ သည် ဝါးခ နဲရယ်မောလိုက်ကြလေ၏။ ဆရာဦးသန်းဘနှင့် ကျောင်းသူကျောင်း သားများ သည် ညနေစောင်းသည့်အထိ ပေါ်တော်မူဘုရားအနီးတွင် တ ဝါးဝါး တဟားဟားနှင့် ပျော်ရွှင်ခဲ့ကြလေ၏။ ထို့နောက်မှ အိုးခွက်ပန်း ကန်များကို သိမ်းဆည်းကာ မြင်းလှည်းများ ငှားကာ ပြန်ခဲ့ကြလေ၏။ ကျောင်းသူကျောင်းသားများအားလုံးသည် ဦးသန်းဘအိမ် (သို့)ကျောင်း သို့ အားလုံးလိုက်ပါခဲ့ကြလေ၏။ ထိုနေရာကျမှ လမ်းခွဲကြမည် ဖြစ်၏။ အိမ်သို့ရောက်သောအခါ၌ မှောင်စပျိုးနေပြီ ဖြစ်၏။ ဘီအိုစီက အောက် လင်းဓါတ်မီးများ ထွန်းလေ၏။ ထိုသို့ထွန်းပြီးနောက် အပေါ်ထပ်တွင် လုံးဝမှောင်နေပြီ ဖြစ်၏။ ရေနံဆီပုလင်းကို အောင်လင်းက တိုက်မိ

သောကြောင့် အပေါ်ထပ်တစ်ခုလုံး ရေနံဆီစော်များ နံနေ၏။ ကြမ်းပြင်လည်း ရေနံဆီများ စိုနေ၏။ အောင်လင်းသည် ရေနံဆီမီးကို ကြိုးစား၍ ထွန်း၏။ ထိုသို့ ထွန်းနေစဉ်အတွင်း မီးထွန်းရန် အနီးတွင် စိုက်ထူထားသော ဖယောင်းတိုင်ငယ်သည် ကြမ်းပြင်ပေါ်သို့ လဲကျ၍ လောင်လေတော့၏။ အောင်လင်းသည် ကြိတ်၍ ငြိမ်း၏။ မီးသည် မငြိမ်းဘဲကြမ်းပြင်တစ်လျှောက် ကူးစက်သွား၏။ မီးတောက်တက်လာသည် ကို မြင်မှ ကျောင်းသားများ ပြေးတက်သွားပြီး မီးကို ငြိမ်းလေ၏။ သို့ရာတွင် မနိုင်တော့ပေ။ အောင်လင်းဝယ်၍ စုထားသော ရေနံဆီပုံးများကို ကူးစက်သွားပြီ ဖြစ်၏။ ရေနံဆီပုံးများ သည် ပူ၍ ပေါက်ကွဲကုန်၏။ မီးတောက်မှာ ကြီးသည် ထက် ကြီးလာ၏။ အပေါ်ထပ်တွင် ရောက်နေသော ကျောင်းသားများကလည်း အောက်သို့ ပြေး၍ ဆင်းလာကြပြီ ဖြစ်၏။ အပေါ်ထပ်သို့ ဦးသန်းဘသည် ရောက်နေပြီ ဖြစ်၏။ ထုပ်တန်းတစ်ခုသည် ကျိုးကျ၍ ဦးသန်းဘ၏ ခေါင်းသို့ရိုက်လေ၏။ ဦးသန်းဘသည် လဲကျမေ့မျောသွား၏။ မည်သူမျှ အပေါ်ထပ်သို့ မတက်ရဲကြတော့ပေ။ ကျော်ခေါင်သည် ရေတိုင်ကီမှ ရေပုံးများကို ကိုယ်ပေါ်လောင်း၍ အပေါ်ထပ်သို့ ပြေးတက်သွားပြီးလျှင် ဦးသန်းဘကို ထမ်း၍ ပြေးဆင်းလာ၏။ ရပ်ကွက်တစ်ခုလုံး ဆူညံနေပြီ ဖြစ်၏။ ကျော်ခေါင်သည် ကျောင်းသားတချို့၊ ကျောင်းသူတချို့နှင့် ဦးသန်းဘအား ဆေးရုံသို့ ပို့လိုက်၏။ ကြပ်ခိုးနှင့် ကျော်ခေါင်သည် မီးသတ်ရင်းကျန်ခဲ့၏။ ကျန်သောကျောင်းသား၊ ကျောင်းသူများမှာ ထွက်ပြေးသူပြေး၍ မီးမလောင်သေးသော အိမ်များမှ ပစ္စည်းများကို ဝိုင်း၍ သယ်သူက သယ်ပေးကြ၏။ မီးသည် အခြားအိမ်သုံးလုံးကို ကူးစက်သွားပြီ ဖြစ်၏။ လောင်စရာကုန်မှ ပင် မီးသည် ငြိမ်းသွားပြီ ဖြစ်၏။ ဦးသန်းဘရသော ခေါင်းမှ ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် ဆရာဝန်ကြီးကိုယ်တိုင် အထူးဂရုစိုက်၍ ကုသရလေ၏

။ တစ်ရက်ကျော်ကျော်သတိလစ်ရာမှာ ပြန်လည်သတိရလာ၏။ သတိရလျှင်ရခြင်း ဦးသန်းဘက ...

"ငါ့ရဲ့ ဂဏန်းလေးတွေ မီးထဲပါသွားပြီလား၊ (၉)ဂဏန်းသုံးလုံးရှိရဲ့လား"ဟု မေးရာ မထားမြိုင်က ...

"ကြပ်ခိုးကို မေးတာလား၊ ကြပ်ခိုးဘာမှ မဖြစ်ပါဘူး၊ ရှိပါတယ်..." ဟု ပြန်၍ ဖြေ လိုက်လေ၏။ ထိုအခါ ဦးသန်းဘက ...

"၂၅ ဂဏန်းရော မီးထဲပါသွားပြီလား..."ဟု မေးမြန်းလေ၏။

"ကျော်ခေါင်ကို မေးတာလား၊ ကျော်ခေါင်ရှိပါတယ်၊ ဆရာကြီးကို အိမ်ပေါ်တက်ပြီး ထမ်းယူလာတာ ကျော်ခေါင်ပေါ့"ဟု မနှင်းနွယ်က ဖြေရာလေ၏။

"၁၇ ကောဘယ်မှာ လဲ..."ဟု မေးမြန်းလေ၏။

"ဆရာကြီး(၁၇)က ကျွန်မလေ၊ မနှင်းနွယ်လေ၊ ဒီမှာ ပါ..."ဟု မနှင်းနွယ်က ပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျ လာလေတော့၏။

"နောက်တစ်နေ့နံနက်တွင် ကျော်ခေါင်၊ ကြပ်ခိုး၊ ဖဲဒိုင်တို့ သည် သူတို့ ၏ ညကျောင်းကလေးစီသို့ ရောက်ရှိခဲ့ကြလေ၏။ ညကျောင်းကလေ းမ ၂၁ မရှိတော့ပေ၊ ပြာပုံဖြစ်၍ သွားပြီ ဖြစ်၏။ ဘီအိုစီ အောင်လင်းမှာ မူ မီးလောင်မှုနှင့်ပတ်သက်၍ မေးစရာရှိသည် ဟု ဆိုကာ ဂါတ်သို့ ခေါ်သွားပြီ ဖြစ်၏။ နေ့ကျောင်းမှ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ၊ ဆရာမများ ၊ ကျောင်းသူ၊ ကျောင်းသားများ ဦးသန်းဘ၏ နေအိမ်နေရာသို့ ရောက်ရှိလာကြပြီးလျှင် ငိုသူက ငိုကြလေ၏။ ကျောင်းအုပ်ဆရာကြီးသည် ဂါတ်သို့ လိုက်သွားပြီးလျှင် ဘီအိုစီ အောင်လင်းအား အာမခံဖြင့် ထုတ်ရလေ၏။ ထို့နောက် ၄င်းတို့ သည် ဆေးရုံသို့

လိုက်သွားကြ၏။ ဆေးရုံသို့ရောက်လျှင် မျက်နှာ၌ ပလာစတာအုပ်ထား သော ဦးသန်းဘကို တွေ့ရလေ၏။ ဆရာဦးသန်းဘသည် အရာအားလုံး ကို မေ့သွားပြီ ဖြစ်၏။ သို့ရာတွင် တစ်ခုထူးဆန်းသည် မှာ လူများ ၏ နာ မည်ကို လုံးဝမမှတ်မိပေ၊ အလုပ်အကိုင်ကိုလည်း လုံးဝမမှတ်မိပေ။ သို့ ရာတွင် သူတို့ ၏ နေ့ရက်ကို မှတ်မိနေလေ၏။ ကျောင်းအုပ်ဆရာကြီး အား ဦးသန်းဘက...”

“(၅) ဂဏန်းသမားကြီးပါလား၊ ပထဝီသင်သောဆရာမ ဒေါ်မြမေ အား(၆)ပါလားဟူ၍ ၄င်း၊ ကျောင်းစောင့်ကြီးဦးချစ်ပုအား(၈)ဂဏန်းကြီး လည်း ပါလာသကိုး...”ဟူ၍ မွေးဂဏန်းများကို ကောင်းစွာမှတ်မိနေ လေ၏။ အမှန်စင်စစ်အားဖြင့် ဆရာဦးသန်းဘသည် ခေါင်းတွင် ရသော ဒဏ်ရာကြောင့် ဦးနှောက်ပျက်သွားပြီ ဖြစ်၏။ သူ၏ ဦးနှောက်၌ မည်သ ည့်အမှတ်သညာမှ မကျန်တော့ပေ၊ ကျန်သည် မှာ ဂဏန်းများ သာ ဖြစ် ၏။ သူသိသော လူတို့ ၏ မွေးဂဏန်းများကို မမေ့မလျော့ပဲကျန်နေတော့ ၏။ သူ၏ အိမ်နံပါတ်မှာ (၂၆) ဖြစ်၏။ ထို့ကြောင့် ဦးသန်းဘက ...

“(၂၆)တော့မီးလောင်သွားပြီ”ဟု ပြော၏။

“(၄)ဂဏန်းကြောင့် လောင်သွားတာ၊ (၄)ဂဏန်းကလည်း ဆိုးတာမ ဟုတ်ပါဘူး၊ မတော်တဆဖြစ်တာပါ...”ဟု ရေရွတ်ပြလေ၏။ (၄)ဂဏန်း ဆိုသည် မှာ ဘီအိုစီအောင်လင်းအား ပြောခြင်း ဖြစ်၏။ ဆေးရုံမှ ဆင်း လာသောအခါ၌ ဆရာဦးသန်းဘအဖို့ နေစရာအိမ်ပင်မရှိတော့ပေ၊ ကျောင်းသားမိဘများက သနား၍ ခေါ်ထားသော်လည်း ၄င်းကလုံးဝမ နေပေ၊ ထိုရပ်ကွက်ထိပ်ရှိ မီးကင်းတဲလေး၌ပင် နေလေတော့၏။

“ဂဏန်းတွေ မီးလောင်ကုန်မယ်၊ မီးကင်းစောင့်ရမယ်...”ဟု လူတွေ ကို ပြောလေ၏။ ဤသို့နှင့်ပင် နယ်မြို့ကလေးတစ်မြို့မှ

ရေနံ့ဆီတစ်ပဲဖိုးပေး၍ ကျောင်းတက်ရသော ‘ဟန်တာနိုက်စကူး’ဆိုသော စိတ်ဝင်စားဖွယ်ရာကောင်းသည့် ညကျောင်းကလေးသည် ကွယ်ပျောက်သွားရရှာလေတော့သတည်း။။

*